# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# နွားထိုးကြီးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)


နဘူးတော(တောင်)ကျေးရွာ၊ဆူးဖြူကုန်းကျေးရွာအုပ်စု

၂၀၁၈ ခုနှစ် နွားထိုးကြီးမြို့နယ်


# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| ၁။ | မြို့နယ်မြေပုံ | ၁ |
| ၂။ | ကျေးရွာမြေပုံ(တည်နေရာ) | ၂ |
| ၃။ | အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၃ |
| ၄။ | ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း) | ၄ |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား | ၅ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ | ၇ |
| ၇။ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ | ၂၆ |
| ၈။ | ကျေးရွာအချက်အလက်(ပုံစံ-၁) | ၂၈ |
| ၉။ | စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂) | ၃၁ |
| ၁၀။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃) | ၃၂ |
| ၁၁။ | အစည်းအဝေးမှတ်တမ်းများ | ၃၄ |
| ၁၂။ | ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၈ |
| ၁၃။ | ကျေးရွာဖွံ့ဖြိုးရေးစီမံချက် အရည်အသွေးထိန်းချုပ်မှု (Checklist For VDP) | ၃၉ |

# ၁။ နွားထိုးကြီး မြို့နယ်မြေပုံ



## ၂။ ကျေးရွာမြေပုံ (တည်နေရာ)



ကျေးရွာတည်နေရာ- လတ္တီတွဒ် 21.55   လောင်ဂျီတွဒ် 95.66

## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | အိမ်ထောင်စု | (ကျား)စုစုပေါင်း | (မ)စုစုပေါင်း | လူမျိုးစုများ |
|---|---|---|---|---|---|---|
| ၁ | | ဆူးဖြူကုန်း | ၄၆၀ | ၁၀၇၁ | ၁၂၀၆ | ဗမာ |
| ၂ | | ရုံးရင်းတော | ၁၀၇ | ၂၆၀ | ၂၆၉ | ဗမာ |
| ၃ | | တောပေး | ၁၃၆ | ၂၈၈ | ၃၆၀ | ဗမာ |
| ၄ | ဆူးဖြူကုန်းကျေးရွာအုပ်စု | ဘဟတ် | ၂၅၉ | ၆၁၇ | ၆၀၅ | ဗမာ |
| ၅ | | နဘူးတောတောင် | ၁၈၉ | ၅၀၀ | ၅၅၈ | ဗမာ |
| ၆ | | နဘူးတောမြောက် | ၉၇ | ၂၉၃ | ၃၁၃ | ဗမာ |
| ၇ | | ကျားတွင်းဘိုး | ၈၅ | ၁၅၀ | ၂၄၉ | ဗမာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ( ကျေးရွာသမိုင်းကြောင်း)

### နဘူးတောတောင်ရွာသမိုင်းအကျဉ်း

နဘူးတောတောင်ရွာကို ၁၃၀၉ခုနှစ်က စတင်တည်ထောင်ခဲ့၍ သာယာညွန့်ဟု အမည်နာမ စတင်ခေါ်တွင်ခဲ့ပါသည်။

လက်ညှိုးညွှန်ရာ ရေဖြစ်သော မဏိစည်သူမင်း လက်ထက်တွင် တိုင်းခမ်းလှည့်လည်ရာ ခေတ္တခဏနားခိုပျော်စံခဲ့ဖူးသဖြင့် နားဘူးတော ဟု စတင်ခေါ်တွင်ရာမှ နောင်ကာလ ကြာညောင်းသော် သာယာညွန့်ဟူသောအမည်ကွယ်ပျောက်ပြီး နားဘူးတောမှ နဘူးတော ဟုခေါ်တွင်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်ပါသည်။

ရွာ၏မြောက်ဘက်၌ရှေးဟောင်းသမိုင်းဝင်ဆုတောင်းပြည့် မိုးကောင်းစေတီ(မြေစိုက်)ဘုရား တစ်ဆူရှိပါသည်။ ဘာသာသာသနာကို အဖိုး၊အဖွားများလက်မှ လက်ဆင့်ကမ်းယူ၍ သာစည်မြေး ဆက်ကိုးကွယ်ကာ အလှူဒါနတို့ဖြင့်ပျော်မွေ့ကာ နေလာခဲ့ကြပါသည်။ ၁၃၅၁ခုလောက်ကစ၍ နိုင်ငံတော်၏ ပညာရေးဌာနခွင့်ပြုချက်ဖြင့် အစိုးရမူလတန်းကျောင်းလေးကို သွပ်မိုး၊ ထရံကာ ကျောင်းဆောင်လေးနစ်ဆောင်ဖြင့်ရပ်တည်ဖွင့်လှစ်ခဲ့ပါသည်။ မူလတန်းကျောင်းလေးဖွင့်ကာစက ကျောင်းသူ/ကျောင်းသား ၆၀ ကျောင်းဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ၁၃၇၉ခုနှစ်ကစ၍ အစိုးရ မူလတန်းလွန်ကျောင်းအဖြစ်တစ်ဆင့်တက်၍ ဖွင့်လှစ်သင်ကြားပြသနိုင်ပြီး ကျောင်းသား/သူ ဦးရေ(၈၀)တို့ကိုပညာရေးနို့သောက်စို့နိုင်စေရန် သင်ကြားပြသနိုင်ခဲ့ပါသည်။ ရွာ၏ကျက်သရေဆောင် သမိုင်းဝင်ဆုတောင်းပြည့်မိုးကောင်းစေတီကြီး၏ ဘုရား ပရဝုဏ်အတွင်း၌လည်း ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်၊ သဃ်န်ကျွန်းမြို့နယ် ဆ/စရပ်ကွက် ဓမ္မာလောက ကျောင်းတိုက်ကြီး၏ မြို့နယ် သံဃနာယကဉက္ကဌဖြစ်သော ဆရာတော် ဘန္ဒ ္တသောဘန၏ လမ်းညွှန်မှုဖြင့် တိုက်အုပ်ဆရာတော် ဘန္ဒ ္တဉတ္တရာဇီဝ ဦးစီးပြီး ရန်ကုန်မှာ နေထိုင်နေသော ရွာသားလည်းဖြစ်သော ဦးတင်ဝင်းမှ နစ်စဉ်နစ်တိုင်း လူအား/ငွေအား လှူဒါန်းကာဖြင့် ရပ်ရွာ၏ (၇)ရက်သားသမီးတို့၏ ပံ့ပိုးမှုဖြင့် ဘုရားရှင်၏ နက်နဲထူးဆန်း မြတ်ပဋ္ဌာန်းဒေသနာ ကျမ်းရွှေစာကို (၄)နစ်တိုင်တိုင်စည်ကားသိုက်မြိုက်စွာဖြင့် ပဌာန်းပူဇော်ပွဲကြီးကို ကျင်းပပြုလုပ်ခဲ့ပါသည်။

ကိုးကွယ်ရန်ဖြစ်သော ဘုန်းတော်ကြီးကျောင်းအဖြစ် အရှေ့ကျောင်း၊ မြောက်ကျောင်းဟု (၂)ကျောင်းတည်ရှိ၍ လှူဒါန်းမှုတို့ဖြင့် ကုသိုလ်တရားတို့ပျော်မွေ့နေခဲ့ကြပါသည်။ နိဂုံးချုပ် အနေဖြင့် နဘူးတောတောင်ရွာတွင်နေထိုင်ကြသူများသည် ပဲ၊ ပြောင်း၊ နှမ်း၊ မြေပဲ စသောသီးနံမျိုး စုံတို့ကို စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ရွာ၏တက်တက်ကြွကြွစည်းလုံးပူးပေါင်းပါဝင်မှုအားကောင်း သဖြင့် ရွာ၏ဖွံ့ဖြိုးမှုသည် ဒီထက်မက တိုးတက်အောင်မြင်နိုင်မည်ဖြစ်ပါသည်။

# ၅။ (က)လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်း

နဘူးတောတောင်ကျေးရွာအတွင်းရှိအိမ်ထောင်စုအများစုသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျပန်းလုပ်ငန်း (ပန်းရံ) လုပ်ငန်းများအားအဓိကထားအသက်မွေးကြကြောင်းတွေ့ရှိရပါသည်။ မြို့နှင့် အခြားကျေးရွာများသို့ အဓိက ထားဆက်သွယ်သောလမ်းများမှာမိုးရာသီတွင် သွားလာရခက်ခဲနေသည်ကို တွေ့ရှိရပါသည်။ မိုးခေါင်ရေရှားမှုများ နစ်စဉ် ကြုံလာရပြီးစိုက်ပျိုးသီးနှံများ ဖြစ်ထွန်းမှုနည်းပါးလာနေသည် ကိုတွေ့ရှိရပါသည်။

အခြားသောရာသီများတွင် ယာလုပ်ငန်းခွင်များဝင်ရောက်လုပ်ကိုင်နေကြရသောကြောင့် တပို့တွဲ၊ တပေါင်း၊တန်ခူးလများတွင် စီမံကိန်းလုပ်ငန်းခွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်လျှင် ကျေးရွာလူထု ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်မည်ကိုတွေ့ရှိရပါသည်။ ကျေးရွာအတွင်းလုပ်ငန်းခွင်များတွင် အမျိုးသားများ သည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိနေသည်ကိုတွေ့ရပါသည်။ ကျေးရွာအတွင်း အိမ်ထောင်စု များတွင်အလယ်အလတ်တန်းအဆင့်အိမ်ထောင်စုပိုမိုများပြားသည်ကိုတွေ့ရပါသည်။လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းတွင်ကျေးရွာသားများပါဝင်ဆောင်ရွက်ရလျှင် ကျေးရွာအတွင်းရှိဆင်းရဲသော အိမ်ထောင်စုများ အတွက်ဝင်ငွေအခွင့်အလမ်းတိုးတက်ရရှိမည်ဖြစ်ပါသည်။


ကျေးရွာ၏ဖွံ့ဖြိုးရေးနှင့်အခြားအရေးကိစ္စရပ်အတော်များများတွင် အမျိုးသားများကအမျိုးသမီးများ ထက် ဦးဆောင်မှုတွင် ပိုမိုပါဝင်ဆောင်ရွက်နေကြသည်ကိုသာတွေ့ရှိရပြီး အမျိုးသမီးများသည် မိမိကိုယ်ကိုယုံကြည် စိတ်အားနည်းကာ မှီခိုသောအကျင့်များနေသည်ကိုတွေ့ရှိရပါသည်။ သို့ဖြစ်ပါသဖြင့် အမျိုးသမီးများကိုလည်း ကျေးရွာ၏ ဖွံ့ဖြိုးရေးများတွင် ပူးပေါင်းပါဝင်ဆုံးဖြတ်တတ်သော အလေ့အကျင့်နှင့် လုပ်ကိုင်ခွင့် ပိုမိုရရှိအောင် ကူညီပံ့ပိုးသင့်ပါသည်။ ကျေးရွာအတွင်းကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ကိုင် ဆောင်ရွက်နေသော အဖွဲ့အစည်းအတော် များများရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာအဖွဲ့အစည်းများ သည် အချို့သောကျေးရွာပြင်ပဖွံ့ဖြိုးရေးအဖွဲ့ အစည်းများဖြင့်ချိတ်ဆက်ဆောင်ရွက်နေသည် ကိုလည်း တွေ့ရှိရပြီးကျေးရွာအတွင်းအဖွဲ့အစည်းအချင်းချင်းမှာလည်း ချိတ်ဆက်မှု အားကောင်းသည်ကိုလည်း တွေ့ရှိရပါသည်။

# (ခ)အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PRA/PSA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ ( Social Map / Resource Map) | ၁၅.၃.၁၇ | ရွာလူထု | ၇ | ၈ | ၁၅ | ကျေးရွာနယ်နိမိတ်အတွင်းရှိ အိမ်ခြေ၊အဆောက်အဦ၊ဘုရားပုထိုးများစသောကျေးရွာ၏လက်ရှိအခြေအနေနှင့်လယ်မြေ၊စိုက်ခင်း၊ပိုင်ဆိုင်မှုပြအခြေအနေများကိုရေးဆွဲဖော်ထုတ်ခဲ့သည်။ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် ( Seasonal Calender) | ၁၅.၃.၁၇ | ရွာလူထု | ၈ | ၇ | ၁၅ | ကျေးရွာရှိရွာသူရွာသားများ၏ ရာသီအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စိုက်ပျိုးချိန်ရိတ်သိမ်းချိန်၊ တိရိစ္ဆာန်များရောဂါဖြစ်ပွားမှု၊ သီးနှံများပိုးမွှားကျရောက်မှု၊ ရာသီပွဲတော်များ၊ ကျေးရွာမှ လူများဝင်ငွေရရှိမှုအခြေအနေများကိုကျေးရွာမှ လူများပါဝင်ဆွေးနွေး ရေးဆွဲကြသည်။ |
| ၃ | ကျေးရွာ၏ဦးစားပေးအစီအစဉ်ပြဇယား (Metric Ranking) | ၁၅.၃.၁၇ | ရွာလူထု | ၇ | ၈ | ၁၅ | ကျေးရွာသူကျေးရွာသားများ၏ ကျေးရွာအတွက် အဓိကလို အပ်သောစီမံကိန်းလုပ်ငန်းခွဲများကိုညှိနှိုင်းတိုင်ပင်ရေးဆွဲခဲ့ကြသည်။ |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၁၅.၃.၁၇ | ရွာလူထု | ၈ | ၇ | ၁၅ | ကျေးရွာအတွင်းတွင်ရှိနေသောလူမှုအဖွဲ့အစည်းများ နှင့် ကျေးရွာလူထုအကြား ချိတ်ဆက်နေမှုကိုထင်သာမြင်သာရှိအောင် ဖော်ဆောင်နိုင်ခဲ့သည်။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၁၅.၃.၁၇ | ရွာလူထု | ၇ | ၈ | ၁၅ | အမျိုးသားနှင့်အမျိုးသမီးများအကြားအလုပ်အကိုင်အခွင့်အလမ်း၊တန်းတူအခွင့် အရေး၊ ပညာသင်ကြား နိုင်မှု၊ ဘဝလုံခြုံမှု စသည့်အခြေအခြေအနေအရပ်ရပ်ကိုဆွေးနွေးခဲ့ကြသည်။ |
| ၆ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း ( Wealth Ranking) | ၁၅.၃.၁၇ | ရွာလူထု | ၁၂ | ၁၁ | ၂၃ | ကျေးရွာအတွင်းရှိ လူများအကြား၊ငွေကြေး၊ပစ္စည်းဥစ္စာ၊နေအင်အားပိုင်ဆိုင်မှုအဆင့်ခွဲခြားပြသခြင်းဖြင့် ကျေးရွာအတွက် လိုအပ်မည့်ဝင်ငွေရရှိရေးအစီအစဉ်များကို ထည့်သွင်းစဉ်းစားနိုင်ရန် စဉ်းစားခဲ့ကြသည်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (က) ကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ



# လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။နဘူးတောတောင် ရက်စွဲ။ ။၂၂.၁၁.၂၀၁၇

ကျေးရွာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားလုပ်ကိုင်ကြပါသည်။ နမ်း၊ မြေပဲ၊ ပဲမျိုးစုံနှင့် ကြက်သွန်အနည်းငယ်စိုက်ပျိုးကြပါသည်။

ကျေးရွာအတွင်း သီးခြားနေထိုင်သောအဖွဲ့အစည်းများမရှိကြပါ။အများစုမှာ ဗုဒ္ဓဘာသာ ကိုးကွယ်ကြပါသည်။

မိုးခေါင်ခြင်း၊ သီးနှံဈေးလျော့နည်းခြင်းတို့ကြောင့် အခြားအရပ်သို့ပြောင်းရွှေ့ လုပ်ကိုင်သူများပြားပါသည်။ နိုင်ငံရပ်ခြားသို့သွားရောက်လုပ်ကိုင်သူများလည်းရှိပါသည်။


ကျေးရွာတွင် အခြေခံအဆောက်အဦးများပြည့်စုံမှုမရှိသေးပါ။ လမ်းပန်းဆက်သွယ်ရေးများလည်းကောင်းမွန်မှုမရှိသေးပါ။ ကျန်းမာရေးစောင့်ရှောက်မှုအတွက်ဆေးပေးခန်းလည်းမရှိသေးပါ။

ကျေးရွာဖွံ့ဖြိုးတိုးတက်လာစေရန် ရွာမှကားလမ်းသို့လမ်းပြင်ရန်၊ စာသင်ကျောင်း အုတ်တံတိုင်းပြုပြင်ရန်၊ ကျေးလက်ဆေးပေးခန်းအသစ်တည်ဆောက်ရန် မျှော်လင့်ပါသည်။

ကျေးရွာသူ၊ ကျေးရွာသားများကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံရေးဆွဲနေစဉ်



# (ခ) ရာသီခွင်ပြပြက္ခဒိန်



# ရွာသီခွင်ပြပြက္ခဒိန် ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။နဘူးတောတောင် ရက်စွဲ။ ။၂၁.၁၁.၂၀၁၇

ပြက္ခဒိန်တွင်ပါဝင်သောအဓိကအကြောင်းအရာများမှာ နဘူးတောတောင် ကျေးရွာ၏ ရာသီဥတု၊ စိုက်ပျိုးသီးနှံ၊ သောက်သုံးရေ၊ ကျန်းမာရေး၊ ဝင်ငွေရရှိမှုနှင့် ရာသီပွဲတော်တို့ အဓိကပါဝင်ပါသည်။

နွေမိုး၊ဆောင်း ဥတုသုံးပါးရှိ၍ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ အဓိကထားစိုက်ပျိုးကြပါသည်။ သီးနှံပေါ်ချိန်တွင် ဝင်ငွေအသင့်အတင့်ရှိ၍ တစ်နှစ်လုံးနီးပါး ဝင်ငွေနည်းပါးပါသည်။

နွေရာသီတွင်သောက်သုံးရေနည်းပါး၍ကျန်လရာသီများတွင်သောက်သုံးရေဖူလုံမှုရှိပါသည် ရာသီအလိုက်ဘာသာရေးပွဲတော်များ ရိုးရာပွဲတော်များရှိပါသည်။

နဘူးတောတောင်ကျေးရွာတွင် သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်းမရှိပါ။

ကျန်းမာရေးအခြေအနေတွင် ဝါဆို၊ ဝါခေါင်နှင့် တော်သလင်းလများတွင် ဝမ်းပျက်၊ ဝမ်းလျော ဖြစ်တတ်ကြပြီး ဆေးထိုး၊ ဆေးသောက်ရသည်များရှိပါသည်။

ကျေးရွာသူ၊ ကျေးရွာသားများရာသီခွင်ပြပြက္ခဒိန်ရေးဆွဲနေပုံ



# (ဂ) ဥစ္စာဓနပိုင်ဆိုင်မှုပြဇယား

ကျေးရွာ။ ။နဘူးတောတောင် ရက်စွဲ။ ။၂၁.၁၁.၂၀၁၇

| စဉ် | အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ချမ်းသာ | မြေကေ ၄၀နှင့်၅၀ကြား၊ တိုက်အိမ် ထော်လာဂျီ၊လယ်ထွန်စက်၊ဆိုင်ကယ် | ၉ | ၄.၇၆% |
| ၂ | အလယ်အလတ် | သွပ်မိုးထရံကာအိမ်၊မြေကေ၁၀နှင့်၅၀ကြား နွားစာစဉ်းစက်၊ခိုင်းနွား၊ဆိုင်ကယ်ရှိ | ၂၀ | ၁၀.၅၈% |
| ၃ | ဆင်းရဲ | ထန်းရွက်မိုး၊သွပ်မိုးထရံကာအိမ်၊ မြေကေ၅ကေအောက်၊လက်လုပ်လက်စား | ၄၀ | ၂၁.၁၆% |
| ၄ | အလွန်ဆင်းရဲ | ထန်းရွက်မိုး၊ထန်းလက်ကာအိမ် လက်လုပ်လက်စား၊မြေယာမရှိ | ၁၂၀ | ၆၃.၄၉% |
| | စုစုပေါင်း | | ၁၈၉ | ၁၀၀% |

# ဥစ္စာဓနပိုင်ဆိုင်မှုပြဇယား ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။နဘူးတောတောင် ရက်စွဲ။ ။၂၁.၁၁.၂၀၁၇

နဘူးတောတောင်ကျေးရွာတွင် အိမ်ထောင်စု (၁၈၉)စုရှိပါသည်။ ကျေးရွာတွင် ချမ်းသာ၊ အလယ်အလတ်၊ ဆင်းရဲနှင့် အလွန်ဆင်းရဲဟု အဆင့်လေးဆင့်ခွဲခြားထားပါသည်။

ဆင်းရဲနှင့် အလွန်ဆင်းရဲမှာ ကျေးရွာအိမ်ထောင်စု၏ သုံးပုံ နှစ်ပုံခန့်ရှိ၍ ဆင်းရဲချို့တဲ့သော ကျေးရွာဟု ယေဘုယျအားဖြင့်ခန့်မှန်းမိပါသည်။


နဘူးတောတောင်ရွာတွင် လက်လုပ်လက်စားများခြင်း၊ မိုးကောင်းရေသောက်လယ်မြေများ ဖြစ်ခြင်း အလုပ်အကိုင်ရှားပါးခြင်းတို့ကြောင့် ဆင်းရဲမွဲတေမှုများနေရခြင်းဖြစ်သည်။

ချမ်းသာသူ အနည်းငယ်သာရှိ၍ လယ်ပိုင်ယာပိုင်ကုန်ရောင်းကုန်ဝယ်ပွဲစားများ ဖြစ်ကြသည်။

ကျေးရွာသူ၊ကျေးရွာသားများဥစ္စာဓနကြွယ်မှုပြဇယားရေးဆွဲနေပုံ



# (ဃ)ပင့်ကူအိမ်သုံးသပ်ချက်ပြဇယား



# ပင့်ကူအိမ်သုံးသပ်ချက်ပြဇယား ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။နဘူးတောတောင် ရက်စွဲ။ ။၂၁.၁၁.၂၀၁၇

နဘူးတောတောင်ရွာတွင် အမျိုးသမီးများထက် အမျိုးသားများက အခွင့်အလမ်းများ ပို၍ ရရှိနေကြပါသည်။

ပညာရေးနှင့် အိမ်မှုကိစ္စများတွင် အမျိုးသမီးများက ဦးဆောင်မှုများနေပါသည်။

ကျန်းမာရေး၊ ဝင်ငွေရရှိမှု၊ လုံခြုံမှု၊ အဖွဲ့အစည်းများတွင်ပါဝင်နိုင်မှု၊ ဦးဆောင်နိုင်မှု၊ ဆုံးဖြတ်ချက် ချနိုင်မှုတို့တွင် အမျိုးသားများက ဦးဆောင်မှုမျာနေပါသေးသည်။

ပညာရေးနှင့် အိမ်မှုကိစ္စများတွင် အမျိုးသမီးများက အမှတ်ပိုများပြီး ဦးဆောင်နေပါသည်။ ဤသို့ဖြစ်နေရခြင်းမှာ အမျိုးသမီးများက အိမ်မှုကိစ္စများနှင့်သာ အချိန်ကုန်နေရခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်းတို့ကြောင့်ဖြစ်ကြပါသည်။

ပင့်ကူအိမ်ဟုဆိုရာ၌ အမျိုးသား၊ အမျိုးသမီး တန်းတူအခွင့်အရေးရရှိစေရန် အမျိုးသားများ ဦးဆောင်မှုအမှတ်များနေလျှင် လျှော့ချ၍ အမျိုးသမီးများကလည်း ရပ်ရေးရွာရေး၊ အခြားကိစ္စများတွင် ဦးဆောင်မှုပြုရန်လိုအပ်ပါသည်။

အမျိုးသား၊ အမျိုးသမီး တန်းတူအခွင့်အရေးမှာ လူထုဗဟိုပြုစီမံကိန်းတွင်သာရရှိနေပါသေး သည်။ ကျန်အချိန်နေရာများတွင် ရရှိရန် အမျိုးသားများက အမျိုးသမီးများကို လက်တွဲခေါ်ပြီး အမျိုးသမီးများမှလည်း တန်းတူအခွင့်အရေးရလိုစိတ်နှင့် ဦးဆောင်လိုစိတ်များရှိရန်လိုအပ်နေပါ သေးသည်။

ကျေးရွာသူ၊ ကျေးရွာသားများပင့်ကူအိမ်သုံးသပ်ချက်ပြဇယားရေးဆွဲနေပုံ




## (င) အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား

ကျေးရွာအမည် - နဘူးတော                                   နေ့စွဲ - ၂၁-၁၁-၂၀၁၇

ကျေးရွာအုပ်စု - ဆူးဖြူကုန်း

အဖွဲ့အစည်းချိတ်ဆက်မှုပုံစံ



# အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။နဘူးတောတောင် ရက်စွဲ။ ။၂၁.၁၁.၂၀၁၇

နဘူးတောတောင်ရွာတွင် အဖွဲ့အစည်း (၅)ခုရှိပါသည်။ အုပ်ချုပ်ရေးမှူးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ ကျေးလက်လူငယ်ဖွံ့ဖြိုးရေးအဖွဲ့၊ အပျိုခေါင်းအဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းအဖွဲ့တို့ ဖြစ်ကြပါသည်။

အုပ်ချုပ်ရေးမှူးအဖွဲ့က ကျေးရွာ၏ သာရေးနာရေး၊ ရပ်ရေးရွာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

ကျောင်းကော်မတီအဖွဲ့နှင့် ကျေးလက်လူငယ်ဖွံ့ဖြိုးရေးအဖွဲ့က ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ လူထုဗဟိုပြုစီမံကိန်းအဖွဲ့က ကျေးရွာလူထု စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် ကျေးရွာ၏ အခြေခံ လိုအပ်ချက်များကိုပြည့်စုံစေရန် အခြေခံအဆောက်အဦးများကို အကောင်အထည်ဖော်ဆောင်ရွက် ပေးကြပါသည်။


အပျိုးခေါင်းအဖွဲ့က ဘာသာရေးလုပ်ငန်းသာရေးနာရေးလုပ်ငန်းများလုပ်ကိုင်ကြပါသည်။

ကျေးရွာတွင်းရှိအဖွဲ့အစည်းများ ချိတ်ဆက်မှုအားကောင်းကြပါသည်။ ကျေးရွာပြင်ပအဖွဲ့အစည်းတိုင်းလိုလိုနှင့် ချိတ်ဆက်မှုအားနည်းနေပါသေးသည်။

ကျေးရွာသူ၊ ကျေးရွာသားများအဖွဲ့အစည်းချိတ်ဆက်မှုပြု မြေပုံရေးဆွဲနေပုံ



# (စ) အရင်းအမြစ် သုံးစွဲမှုနှင့် ထိန်းချုပ်မှုပြဇယား



ကျေးရွာအမည် - ဖူလူးဘော

ရက်စွဲ - ၂၁-၁၁-၂၀၁၇

ကျေးရွာအုပ်စု - အုန်းဖြူကျွန်း

"အရင်းအမြစ် ထိန်းချုပ်မှု ပုံစံပြ ဇယား"

| အမျိုးသား | အမျိုးသမီး | အမျိုးသား ၊ အမျိုးသမီး |
|---|---|---|
| ကား | လက်ဝတ်လက်စား | |
| လယ်ထွန်စက် | အပ်ချုပ်စက် | |
| ဆီစက် | ယက်ကန်းစင် | |
| ကျွဲကြီး ကျောင်း | | |
| ဆာဝင် ကျောင်း | | |
| ဓနိတဲ | | |
| ဆိုင်ကယ် | | |

# အရင်းအမြစ်သုံးစွဲမှုနှင့် ထိန်းချုပ်မှုပုံစံပြဇယား ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာ။ ။နဘူးတောတောင် ရက်စွဲ။ ။၂၁.၁၁.၂၀၁၇

အမျိုးသားများ သုံးစွဲသောအရာများမှာ ကား၊ လယ်ထွန်စက်၊ ဆီစက်၊ နွားလှည်းတို့ ဖြစ်ကြပါသည်။

အမျိုးသမီးများ သုံးစွဲသောအရာများမှာ အပ်ချုပ်စက်၊ လက်ဝတ်ရတနာ၊ ယက်ကန်းစဉ်တို့ ဖြစ်ကြပါသည်။

အမျိုးသား အမျိုးသမီး တွဲဖက်သုံးစွဲသောအရာများမှာ ဆိုင်ကယ်၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ရေတွင်းရေကန်နှင့် လယ်ယာမြေတို့ဖြစ်ကြပါသည်။

အမျိုးသမီးများ ထိန်းချုပ်သောအရာများမှာ အပ်ချုပ်စက်၊ လက်ဝတ်ရတနာ တို့ဖြစ်ကြပါသည်။

အမျိုးသားများ ထိန်းချုပ်သောအရာများမှာ ကား၊လယ်ထွန်စက်၊ ဆီစက်၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ရေတွင်းရေကန်နှင့် ဆိုင်ကယ်တို့ဖြစ်ကြပါသည်။

အမျိုးသားများမှာ အမျိုးသမီးများထက်ထိန်းချုပ်မှုပိုများနေပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ အမျိုးသမီးများက အမျိုးသားများအား အိမ်ဦးနတ်ဖြစ်သည့်အတွက် နေရာပေးနေခြင်း၊ မိမိကိုယ်ကို အားနည်းသည်ဟု ယူဆကာ နောက်ချန်နေခြင်းတို့ကြောင့်ဖြစ်ပါသည်။ အမျိုးသား အမျိုးသမီး တန်းတူ ပိုင်ဆိုင်နိုင်မှု၊ ထိန်းချုပ်မှုများရှိသင့်ပါသည်။ ထိုကဲ့သို့ရှိရန် အမျိုးသားများက အမျိုးသမီးများကို နေရာပေးသင့်ပါသည်။ အမျိုးသမီးများမှလည်း မိမိကိုယ်ကို ယုံကြည်မှု ရှိသင့်ပါသည်။

ကျေးရွာသူ၊ ကျေးရွာသားများအရင်းအမြစ် သုံးစွဲမှုနှင့် ထိန်းချုပ်မှုပြဇယားရေးဆွဲနေပုံ



၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ









ကျေးရွာလူထု မဲပေးရွေးချယ်ခဲ့သောနဘူးတောတောင်ရွာ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | ဦးဖြိုးသက်ဦး | ကျေးရွာ စေတနာ့ဝန်ထမ်း |
| ၂ | ဒေါ်တင်မာလွင် | ကျေးရွာ စေတနာ့ဝန်ထမ်း |
| ၃ | ဦးလှမင်း | စီ-ထောက်ဥက္ကဌ |
| ၄ | ဒေါ်အေးစန်း | စီ-ထောက်ဥက္ကဌ |
| ၅ | ဦးကျော်လွင် | ဝယ်ယူရေးဆပ်ကော်မတီ |
| ၆ | ဦးသိန်းဝေ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၇ | ဒေါ်လှလှရီ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၈ | ဒေါ်အေးမြင့် | ဝယ်ယူရေးဆပ်ကော်မတီ |
| ၉ | ဦးမြင့်စိုး | ကျေးရွာငွေစာရင်းကိုင် |
| ၁၀ | ဦးအောင်တင်ဝင်း | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၁ | ဦးချစ်နေအောင် | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၂ | ဒေါ်ခင်မြ | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၃ | ဒေါ်သီတာဟန် | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၄ | ဦးသိန်းနိုင်ဦး | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၁၅ | ဦးမျိုးလှိုင် | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၁၆ | ဒေါ်မြရင် | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၁၇ | ဒေါ်ဇာနည်ထွန်း | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၁၈ | ဦးဆန်းဝင်းအောင် | အကြံပြုတိုင်ကြားရေးတာဝန်ခံ |
| ၁၉ | ဦးမောင်မောင်သိန်း | အကြံပြုတိုင်ကြားရေးတာဝန်ခံ |
| ၂၀ | ဒေါ်မြင့်ဝေ | အကြံပြုတိုင်ကြားရေးတာဝန်ခံ |

# ၈။ ကျေးရွာအချက်အလက်( ပုံစံ-၁)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးမျိုးလှိုင် | ၀၉-၇၈၆၁၇၃၄၅၁ | ဒေါ်ငွေငွေဦး |
| ပြည်နယ်၊တိုင်းဒေသကြီး [illegible] မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၁၈၉ | ဘာသာ (၁) ဗုဒ္ဓ | ၁၈၉ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၄ | | ၄ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၉၈ | | ၉၈ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)-ဗမာ | ၅၀၀ | ၅၅၈ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၆၄ | ၂၅ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|

| | | | | | | | |
|---|---|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☑ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား _______ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၂---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၃၀ မိနစ်--- (ထော်လာဂျီ)/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်--- ၄၀ မိနစ်------- (ထော်လာဂျီ)/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

□ မရှိပါ □ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -----------------------------------

(၂) -----------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ □ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦး ချို [illegible]

လက်မှတ် ---- နေ့စွဲ ၂၁.၁၁.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ဌေးဌေးဦး

လက်မှတ် ---- နေ့စွဲ ၂၁.၁၁.၂၀၁၇

# ၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား ( ပုံစံ-၂)

ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

***လမ်းညွှန်ချက်။*** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဌေးဌေးဦး

နေ့စွဲ ၂၁.၁၁.၂၀၁၇

စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄)

ပြည်နယ်/တိုင်း မန္တလေး | မြို့နယ် ပျော်ဘွယ်မြို့ | ကျေးရွာအုပ်စု ဆူးဖြူကျင်း | ကျေးရွာ နဘူးတောင်(တ)

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၁.၁၁.၁၇ | ၂၁.၁၁.၁၇ | ၄၉ | ၄၉ | ၉၄ | ဗမာ | ၉၈ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၁.၁၁.၁၇ | ၂၁.၁၁.၁၇ | ၄၉ | ၄၉ | ၉၄ | ဗမာ | ၉၈ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၂.၁၂.၁၇ | ၂၂.၁၂.၁၇ | ၃၂ | ၁၄ | ၄၆ | ဗမာ | ၄၆ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

# ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန်ချက်*။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်မြ မြဦး |
| နေ့စွဲ ၂၃.၁၁.၂၀၁၇ — စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ရှမ်း(တောင်) — မြို့နယ် [illegible] ကျေးရွာအုပ်စု [illegible] ကျေးရွာ [illegible] |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျောင်းသားဦးရေများ၍ ကျောင်းဆောင်[illegible] | ၁ | မိုးရာသီရွာတွင်းလမ်းများ ရွှံ့ဗွက်ထ |
| ၂ | မိုးရာသီရွာတွင်းလမ်းများ သွားလာရခက် | ၂ | ဆေးပေးခန်းမရှိ၍ [illegible] ဆေးကုသရခက်ခဲ |
| ၃ | ကျောင်း ခြံစည်းရိုးမရှိ [illegible] | ၃ | အသက်ကြီးပညာ [illegible] |
| ၄ | မိုးရာသီရွာအဝင်လမ်း သွားလာရခက် | ၄ | ရွာအဝင်လမ်း မိုးရာသီသွားလာရခက်ခဲ |
| ၅ | | ၅ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျောင်းဆောင်လုံလောက်ရန် | ၁ | ရွာတွင်းလမ်းများ ရာသီမရွေး ကောင်းရန် |
| ၂ | ရွာတွင်းလမ်းများ သွားလာရလွယ်ကူရန် | ၂ | ဆေးပေးခန်းရှိရန် |
| ၃ | ကျောင်းခြံစည်းရိုးရှိ [illegible] | ၃ | အသက်ကြီး [illegible] ရန် |
| ၄ | ရွာအဝင်လမ်းများ ၁၂ရာသီသွားလာ[illegible] | ၄ | |
| ၅ | | ၅ | |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ၁ ရွာအဝင်လမ်း ပြုပြင်ခြင်း | ကျား/မ | ၂၀,၀၀၀,၀၀၀ | ၁၀၅၈ |
| ၂ | ၂. ကျောင်းဆောင်ဆောက်[illegible] | ကျား | ၁၂,၀၀၀,၀၀၀ | ၁၀၅၈ |
| ၃ | ၃. ဆေးပေးခန်း | ကျား | ၁၄,၀၀၀,၀၀၀ | ၁၀၅၈ |
| ၄ | ၄. ကျောင်း ခြံစည်းရိုး | ကျား | ၁၈,၀၀၀,၀၀၀ | ၁၀၅၈ |
| ၅ | ၅. ရွာတွင်းလမ်း ပြုပြင်ခြင်း | ကျား/မ | ၁၈,၀၀၀,၀၀၀ | ၁၀၅၈ |

**ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး | အဆိုပြုသူ (အမျိုးသားများ/ | အခန်းကဏ္ဍ |
|---|---|---|---|

| | တိုးတက်မှု လုပ်ငန်းစဉ်များ | အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | |
|---|---|---|---|
| ၁ ၆ | လက်မှုပညာသင်တန်း | ၆၀ - | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် -- ဦးလှဝေ ---------------- လက်မှတ် ---- [signature] ------------------- နေ့စွဲ -- ၂၁.၁၁.၂၀၁၇ -----

## ၁၁။အစည်းအဝေးမှတ်တမ်းများ

# အစည်းအဝေးမှတ်တမ်း

အကြောင်းအရာ။ ။စီမံကိန်းမိတ်ဆက်အစည်းအဝေး

ကျေးရွာအမည် ။ ။နဘူးတောတောင်ကျေးရွာ ရက်စွဲ။ ။၂၁. ၁၁. ၂၀၁၇

အုပ်စု ။ ။ ဆူးဖြူကုန်းကျေးရွာအုပ်စု

လူဦးရေ ။ ။ ကျား-၄၉ မ-၄၉= စုစုပေါင်း-၉၈ ဦး

အိမ်ထောင်စု ။ ။၉၄ခု

အစည်းအဝေးစတင်ချိန် 12:00 PM

### 12:00 to 12:10PM နဘူးတောတောင်ကျေးရွာရာအိမ်မှူးဦးမျိုးလှိုင်မှအဖွင့်အမှာစကားပြောကြားခြင်း။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် စည်းစည်းလုံးလုံးနှင့်ကျေးရွာလူထုက အစည်းအဝေးပြီးဆုံးသည်ထိ တတ်ရောက်ရန် တတ်တတ်ကြွကြွပူးပေါင်း ပါဝင်ရန်ပြောကြား။ ကျေးရွာ၏အမှန်တစ်ကယ်လိုအပ်ချက်များကို ကျေးရွာလူထုမှ ပူပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန် အမှာစကားပြောကြားခဲ့ပါသည်။ မိမိတို့လိုအပ်ချက်များကို သေချာစဉ်းစားပြီး အကောင်းဆုံးဖော်ထုတ် ပေးကြရန်တိုက်တွန်းပြောကြားခဲ့ပါသည်။

### 12:11 to 12:35 PM လူထုစည်းရုံးရေးမှူး ဦးငွေလင်းထွန်း မှ စီမံကိန်း မိတ်ဆက်အကြောင်းရှင်းလင်းပြောကြား

စီမံကိန်း မိတ်ဆက် ၁၅ချက်ကိုအသေးစိတ် ရှင်းလင်းပြသ၊ပြောဆိုခဲ့ပါသည်။ ပထမနှစ်စက်ဝန်းမှာလည်း လုပ်ကိုင်ပြီးသည်ဖြစ်သည့်အတွက် အတွေ့အကြုံများရှိလာပြီဖြစ်သည့်အတွက် ကျေးရွာလူထုမှ အဓိက ပူပေါင်းပါဝင် လုပ်ဆောင်ကြရန် နှင့် တတ်တတ်ကြွကြွ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ကြရန်ပြောကြား။ အနှစ်ချုပ်အနေဖြင့် မရှင်းလင်းသည်များကို ကျေးရွာလူထုမှ မေးမြန်းကြရန်ပြောကြားခဲ့ပါသည်။

### 12:36 to 12:50 PM စီမံကိန်းစက်ဝန်းအကြောင်းကို ဦးငွေလင်းထွန်းမှ ရှင်းလင်းပြောကြား

စက်ဝန်းတစ်ပါတ်လည်သလို စီမံကိန်းမှာလည်း တစ်ပါတ်လည်သွားပြီးဖြစ်သည့်အတွက် ဒုတိယနှစ်စီမံကိန်းစက်ဝန်းသို့ရောက်လာပြီးဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ယခုနှစ်စီမံကိန်းစက်ဝန်း တစ်လျှောက်လုံးကိုလည်းကျေးရွာလူထုမှ အဓိက လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။ ဒုတိယနှစ်စက်ဝန်းမှာလည်း စီမံကိန်းမှာ အပိုင်း(၆) ပိုင်းနှင့် အဆင့် (၁၄)ဆင့် တို့ရှိကြောင်းနှင့် ၄င်းတို့ကို အသေးစိတ်ထပ်မံရှင်းလင်းပြောကြားခဲ့ပါသည်။

### 12:51 to 1:05PMတာဝန်ရှိသူနှင့်တာဝန်ဝတ္တရားများအကြောင်းကိုဒေါ်ဌေးဌေးဦးမှ ရှင်းလင်းပြောကြား

စီမံကိန်းအတွင်းတာဝန်ရှိသူများနှင့် ၄င်းတို့၏တာဝန်ဝတ္တရားများအကြောင်းကို တစ်ခုချင်းအသေးစိတ်ရှင်းလင်းပြောကြားခဲ့ပါသည်။ ပထမနှစ်စက်ဝန်းမှာ လုပ်ကိုင်ဆောင်ရွက်ပြီးသည် ဖြစ်သည့်အတွက် ကော်မတီဝင်များ အနေဖြင့် မိမိတို့၏ ရာထူးနှင့် တာဝန်များကို သိလောက်မည်ဖြစ်ကြောင်း မရှင်းလင်းသည်များ ရှိခဲ့လျှင် မေးမြန်းစေလိုကြောင်း ပြောဆိုဆွေးနွေးခဲ့ပါသည်။

ဦးငွေလင်းထွန်း၊ ဦးကောင်းမြတ်မျိုး၊ ဒေါ်ဌေးဌေးဦး တို့မှ စီမံကိန်းမိတ်ဆက်၊ စီမံကိန်းစက်ဝန်း၊ တာဝန်ရှိသူများနှင့် တာဝန်ဝတ္တရားများအကြောင်းကို အနှစ်ချုပ်ပြောကြားပြီး ကျေးရွာလူထုနှင့် အပြန်အလှန်ဆွေးနွေးကြ၍ မရှင်းလင်းသည်များကို မေးမြန်းဖြေကြားခဲ့ပါသည်။

**1:06 to 1:15 PM** လူထုစည်းရုံးရေးမှူး ဒေါ်ဌေးဌေးဦးမှ ပထမနှစ်စက်ဝန်းမှ စေတနာ့ဝန်ထမ်းနှစ်ဦးကို ကျေးရွာလူထုမှဆက်လက်လုပ်ကိုင်စေလိုခြင်းရှိမရှိမေးမြန်းခဲ့ရာ ရွာလူထုမှ ဆက်လက်လုပ်ကိုင်ရန် သဘောတူညီကြပြီး ကာယကံရှင်များကိုမေးမြန်းခဲ့ရာ အမျိုးသားစေတနာ့ဝန်ထမ်း မှာဆက်လက် လုပ်ကိုင်လိုခြင်းမရှိတော့သောကြောင့်၄င်းအစား ဦးစိုးဝင်းအား ကျေးရွာလူထုမှ အဆိုပြုရွေးချယ်ခဲ့ကြပါသည်။ အမျိုးသမီးစေတနာ့ဝန်ထမ်း မှာဆက်လက်လုပ်ကိုင်နိုင်သောကြောင့် ၄င်းအားဆက်လက်ခန့်ထားခဲ့ကြပါသည်။

## 1:17 PM လူမှုဆန်းစစ်ခြင်း လုပ်ငန်းများကို အဖွဲ့ခွဲ၍ လုပ်ဆောင်

လူမှုအရင်းအမြစ်ပြမြေပုံ နှင့် ဥစ္စာခနကြွယ်ဝမှုဇယားအကြောင်းကို ဦးငွေလင်းထွန်း မှ ရွာသူရွာသားများနှင့်အတူ ကျေးရွာ၏မြေပုံကိုပြန်လည်ပြသ၍ရွာအတွင်းရှိ နေအိမ်အဆောက်အဦးအခြေခံအဆောက်အဦးများကို ပြန်လည်အတည်ပြုမေးမြန်းရေးဆွဲခြင်း နောက် (၅)နှစ်အတွင်းကျေးရွာဖွံ့ဖြိုးရေးကို မည်ကဲ့သို့ ထပ်မံစိတ်ကူးပုံဖော်ထားကြောင်း နှင့် လိုအပ်သည်များကို ကျေးရွာလူထုမှတင်ပြ၍ မြေပုံအတွင်းထည့်သွင်း ဖြည့်စွက်ခြင်းတို့ကို လုပ်ဆောင်ခဲ့ပါသည်။ ဥစ္စာခနကြွယ်ဝမှုမှ ကျေးရွာအတွင်း လူမှုလူတန်းစား အဆင့်(၄)မျိုးမှာလည်း ပြောင်းလဲလာမှုရှိမရှိမေးမြန်းခဲ့ရာ ပြောင်းလဲမှုမရှိသေးသည့်အတွက် ယမန်နှစ်မှ အကြောင်းအရာများအားပြန်လည်အတည်ပြု မေးမြန်းဆွေးနွေးခဲ့ကြပါသည်။ ဆင်းရဲသူလူတန်းစားများ နည်းပါးလာစေရန်စက်မှုလက်မှုသင်တန်းများနှင့် ဝင်ငွေရရှိစေရန်အလုပ်ရုံများဖွင့်လှစ်စေချင်ကြောင်းပြောကြခဲ့ပါသည်။

ပင့်ကူအိမ်သုံးသပ်ခြင်းနှင့် ပိုင်ဆိုင်မှုသုံးသပ်ခြင်းအကြောင်းကို ဒေါ်ဌေးဌေးဦးမှ ရွာသူရွာသားများနှင့်အတူ ပင့်ကူအိမ်သုံးသပ်ချက်အားပြန်လည်ဆွေးနွေးခဲ့ရာအမျိုးသား၊အမျိုးသမီး အခွင့်အရေး၊ ဦးဆောင်နိုင်မှု၊ ဝင်ငွေရရှိမှု အလုပ်အကိုင်အခွင့်အလမ်းတို့မှာ အမျိုးသား၊အမျိုးသမီး တန်းတူအခွင့်အရေးရှိမရှိမေးမြန်းပြောဆိုပြီး တန်းတူအခွင့်မရရှိသေးသည့်အကြောင်း စီမံကိန်းကာလမှာပင် တန်းတူအခွင့်အရေးအရေးရကြောင်း ကျန်ကာလများမှာ မပြောင်းလဲသေးကြောင်း ပြောင်းလဲရန်မှာ အချိန်ယူရမည်ဖြစ်ကြောင်းပြောဆိုခဲ့ကြပါသည်။ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုများမှာ အမျိုးသားများက အမျိုးသမီးများထက် ပိုင်ဆိုင်မှုထိန်းချုပ်မှုများ နေတုန်းပင် ရှိသေးကြောင်း အနည်းငယ်တော့ ပြောင်းလဲလာပြီဖြစ်ကြောင်း ပြောဆိုဆွေးနွေးကြပါသည်။

ရာသီခွင်ပြပြက္ခဒိန်နှင့်အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံအကြောင်းကိုဦးကောင်းမြတ်မျိုးမှ ရွာသူရွာသားများနှင့်အတူ ၁၂ ရာသီအတွင်း ကျေးရွာတွင် ဖြစ်ပျက်နေသည့် ရာသီဥတုအခြေအနေ၊ စိုက်ပျိုးသီးနှံ၊ ရာသီပွဲတော်၊ သောက်သုံးရေ၊ ဝင်ငွေရရှိမှု၊ သဘာဝဘေးအန္တရာယ်၊ အစားအစာဖူလုံမှု၊ ကျန်းမာရေး၊ အခြေအနေတို့ကို ပြန်လည်အတည်ပြုမေးမြန်းဖော်ထုတ်ခဲ့ရာ ထူးထူးခြားခြားပြောင်းလဲမှုမရှိသေးကြောင်းပြောဆိုဆွေးနွေးကြပါသည်။ ကျေးရွာအတွင်းအဖွဲ့အစည်းများ တိုးလာမှုရှိမရှိမေးမြန်းရာ မရှိသေးကြောင်း အဖွဲ့အစည်းများအချင်းချင်းချိပ်ဆက်မှု ရှိလာပြီဖြစ်ကြောင်းပြောဆိုကြပါသည်။

လူမှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်များအကြောင်းကို ရွာသူ၊ရွာသားများနှင့် အနှစ်ချုပ် ပြန်လည်တင်ပြဆွေးနွေးပြီး အစည်းဝေးကိုအောင်မြင်စွာရုပ်သိမ်းခဲ့ပါသည်။

အစည်းအဝေးပြီးဆုံးချိန် **2:00 PM**

# အစည်းအဝေးမှတ်တမ်း

အကြောင်းအရာ။ ။ ဒုတိယအကြိမ်အစည်းအဝေး

ကျေးရွာအမည် ။ ။နဘူးတောတောင်ကျေးရွာ ရက်စွဲ။ ။၂၁. ၁၁. ၂၀၁၇

အုပ်စု ။ ။ဆူးဖြူကုန်းကျေးရွာအုပ်စု

လူဦးရေ ။ ။ ကျား-၄၉၊ မ-၄၉= စုစုပေါင်း ၉၈ ဦး

အိမ်ထောင်စု ။ ။၉၄ခု

အစည်းအဝေးစတင်ချိန် 4:00 PM

**4:00 to 4:05 PM** **နဘူးတောတောင်ကျေးရွာရာအိမ်မှူးဦးမျိုးလှိုင်မှအဖွင့်အမှာစကားပြောကြားခြင်း။**

နေ့လည်ပိုင်းမှပထမအကြိမ်အစည်းအဝေးတက်ရောက်သလို ညနေပိုင်းဒုတိယအကြိမ်အစည်းအဝေးမှာလည်း ခုလိုစုံစုံညီညီ တက်ရောက်ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း အစည်းအဝေးတွင် ပြီးစီးအောင်နားထောင်ပေးကြဖို့ လုပ်ငန်းရွေးချယ် ခြင်းနှင့် ကော်မတီများပြန်လည်အတည်ပြုရွေး ချယ်ရာတွင်လည်း သေချာ ရွေးချယ်ကြရန်ပြောကြား။

**4:07 to 4:15 PM** ဦးငွေလင်းထွန်း၊ဦးကောင်းမြတ်မျိုး၊ဒေါ်ငွေငွေဦးတို့မှ ပထမအကြိမ်အစည်းအဝေးမှ လူမှုဆန်းစစ်ချက် များအား ပြန်လည်တင်ပြဆွေးနွေး မရှင်းလင်းသည်များ လိုအပ်ချက်များရှိပါက မေးမြန်းပြောဆိုကြရန် ပြောကြားပါသည်။

**4:17PM** ဦးငွေလင်းထွန်း၊ဒေါ်ငွေငွေဦး၊ဦးကောင်းမြတ်မျိုးတို့မှကျေးရွာလူထုအားဦးစားပေးလုပ်ငန်းများရွေးချယ်ရာတွင်ကူညီ။

ဦးစားပေးလုပ်ငန်းများအားပြန်လည်အတည်ပြုရန် အမျိုးသား၊အမျိုးသမီးများ၏ ပြဿနာအခက်အခဲများ၊ မျှော်မှန်းချက်များ ရှင်းပြ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရွေးချယ်ခဲ့ရာ ပထမဦးစားပေးအနေဖြင့်ရွာအဝင်လမ်းပြုပြင်ခြင်း၊ နံပါတ်(၂)ဦးစားပေး စာသင်ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်ခြင်း၊ နံပါတ်(၃)ဦးစားပေးဆေးပေးခန်းနှင့်ဆရာမရရှိရေး၊ နံပါတ်(၄)ဦးစားပေး စာသင်ကျောင်းခြံစည်းရိုးပြုလုပ်ခြင်း၊ နံပါတ်(၅)ဦးစားပေး ရွာတွင်းလမ်းပြုပြင်ခြင်းလုပ်ငန်း၊ နံပါတ်(၆)ဦးစားပေး လက်မှုပညာသင်တန်းဟူ၍ဦးစားပေးလုပ်ငန်းများ ထွက်ပေါ်လာခဲ့ပါသည်။

ဦးကောင်းမြတ်မျိုးမှ စီမံကိန်းအတွင်းအကျုံးဝင်သောလုပ်ငန်းများနှင့် အကျုံးမဝင်သောလုပ်ငန်းများအကြောင်းရှင်းပြပြီး စီမံကိန်းလုပ်ငန်းလုပ်ကိုင်ရာတွင် လူမှုပန်ဝန်းကျင်အကာအကွယ်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်များအကြောင်းတို့ကိုရှင်းလင်းပြောကြားခဲ့ပါသည်။

ဦးငွေလင်းထွန်း၊ ဒေါ်ငွေငွေဦး၊ ဦးကောင်းမြတ်မျိုးတို့မှ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများကိုပြန်လည်အတည်ပြုရွေးချယ်ခဲ့ကြရာ ကျေးရွာလူထုအား ပထမနှစ်စက်ဝန်းမှ ကော်မတီဝင်များအားထပ်မံခန့်အပ်ရန် သဘောတူမတူမေးမြန်းခဲ့ကြပါသည်။ ကျေးရွာလူထုမှ ပထမနှစ်စက်ဝန်းမှကော်မတီဝင်များ၏လုပ်ဆောင်ချက်များ မှန်ကန်တိကျမှုကို သဘောကျသဖြင့်၄င်းကော်မတီဝင်များအားပြန်လည်ခန့်အပ်ရန်သဘောတူညီခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ကော်မတီဝင်များအား ပြန်လည်လုပ်ကိုင်လိုခြင်းရှိမရှိကိုတစ်ဦးခြင်းမေးမြန်းခဲ့ပြီး မလုပ်နိုင်တော့သည့်ကော်မတီဝင်များအစားထိုးရွေးချယ်ခဲ့ကြပါသည်။

အချို့ကော်မတီဝင်များကိုလည်းအားဖြည့်ရွေးချယ်ခဲ့ကြပါသည်။ ၄င်းကော်မတီဝင်များမှာ စေတနာ့ဝန်ထမ်းအဖြစ်ဦးဖြိုးသက်ဦး၊ ဝယ်ယူရေးကော်မတီဝင်အဖြစ် ဒေါ်အေးမြင့်၊ လည်ပတ်ထိန်းသိမ်းရေးကော်မတီဝင်အဖြစ် ဦးနေအောင်၊ ဒေါ်သီတာဟန်နှင့် ဒေါ်ခင်မြ၊ စောင့်ကြည့်ကြီးကြပ်ရေးကော်မတီဝင်အဖြစ် ဦးမျိုးလှိုင်နှင့် ဒေါ်ဇာနည်ထွန်းတို့အား ကျေးရွာလူထုမှ အဆိုပြုရွေးချယ်ခဲ့ကြပါသည်။

အထက်ပါအကြောင်းအရာများအားလုံးကို ပြန်လည်အတည်ပြုသဘောတူအနှစ်ချုပ်ခဲ့ကြပြီးအစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြပါသည်။

အစည်းအဝေးပြီးဆုံးချိန် **5:30 PM**

# ၁၂။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | လ/နှစ် | ကျေးရွာတာဝန်ခံ(သို့) အုပ်စု | ပြင်ပမှမည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ရွာအဝင်လမ်းပြုပြင်ခြင်း | ☐ ကျား√<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၂ | ရွာတွင်းလမ်းပြုပြင်ခြင်း | ☐ ကျား√<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၃ | | ☐ ကျား<br>☐ မ | | | |
| | ၄ | | ☐ ကျား<br>☐ မ | | | |
| | ၅ | | ☐ ကျား<br>☐ မ | | | |
| အသက်မွေးဝမ်းကျောင်း၊ စီးပွားရေး | ၁ | လက်မှုပညာသင်တန်း | ☐ ကျား<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၂ | | ☐ ကျား<br>☐ မ | | | |
| | ၃ | | ☐ ကျား<br>☐ မ | | | |
| | ၄ | | ☐ ကျား<br>☐ မ | | | |
| | ၅ | | ☐ ကျား<br>☐ မ | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ဆေးပေးခန်းဖွင့်လှစ်ရန် | ☐ ကျား<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၂ | | ☐ ကျား<br>☐ မ | | | |
| | ၃ | | ☐ ကျား<br>☐ မ | | | |
| | ၄ | | ☐ ကျား<br>☐ မ | | | |
| | ၅ | | ☐ ကျား<br>☐ မ | | | |
| ပညာရေး | ၁ | ကျောင်းဆောင်တိုးချဲ့ ဆောက်လုပ်ရန် | ☐ ကျား√<br>☐ မ | | မရှိသေးပါ | မရှိသေးပါ |
| | ၂ | ကျောင်းခြံစည်းရိုး ပြုပြင်ခြင်း | ☐ ကျား√<br>☐ မ | | မရှိသေးပါ | မရှိသေးပါ |
| | ၃ | | ☐ ကျား<br>☐ မ | | မရှိသေးပါ | မရှိသေးပါ |
| | ၄ | | ☐ ကျား<br>☐ မ | | | |
| | ၅ | | ☐ ကျား<br>☐ မ | | | |
| အခြား | ၁ | | ☐ ကျား<br>☐ မ | | | |
| | ၂ | | ☐ ကျား<br>☐ မ | | | |

# ၁၃။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု(Checklist For VDP)

ထိန်းချုပ်သူ ရက်စွဲ- ရွာ- VDP ရက်စွဲ

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက် ရလဒ်)
- အမျိုးသား/ အမျိုးသမီး အဖွဲ့များ သဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများ စာရင်း ( အခြေခံ အဆောက်အဦ၊ အသက်မွေးမှု၊ ပညာရေး၊ လူမှုရေး ထိန်းသိမ်းမှု...)

နောက်ဆက်တွဲများ -

- လူမှုအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ....
- ကျေးရွာစီမံကိန်း ရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏ အချက်အလက် ( PC1 ပုံစံ )
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုအကဲဖြတ်မှု အရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင် ပါဝင်သောလူဦးရေ ( အမျိုးသား/ အမျိုးသမီး)
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက် -
- ပါဝင်သော လူဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း ( အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသား အနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့

- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီး အဖွဲ့အစည်းအငေး၏ ရလဒ်အား ခွဲခြားပေးထားသလား
    - ရှိ
    - မရှိ
- စီမံကိန်း အရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်) –

PRA နှင့် သက်ဆိုင်သော အခြား စီမံကိန်းအရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်) –